အယူခံမှု

အယူခံမှု

အယူခံမှုဆိုသည်မှာ အခွန်ကို တာဝန်ယူကောက်ခံသည့် သို့မဟုတ် အစိုးရအဖွဲ့က အခါအား လျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ခုခုက အခွန်ဆိုင်ရာဥပဒေအရ ချမှတ်သော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း၊ အကောက်ခွန်ဆိုင်ရာဥပဒေအရ ချမှတ်သော အပြီးသတ်အမိန့် သို့မဟုတ် အပြီးသတ်ဆုံးဖြတ်ချက်ကိုသော်လည်းကောင်း ကျေနပ်မှု မရှိ၍ ခုံအဖွဲ့သို့ အယူခံတင်သွင်းသည့် အမှုကို ဆိုသည်။

ကာလစည်းကမ်းသတ်

အယူခံမှု လျှောက်ထားခြင်းကို သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်းကိုးဆယ်အတွင်း အချိန်မီ လျှောက်ထားရန်လိုပါသည်။ လျှောက်ထားသူက လုံလောက်သော အကြောင်းပြချက်များ တင်ပြနိုင်ပါက ခုံအဖွဲ့သည် ရက်ပေါင်းတစ်ရာ့နှစ်ဆယ်ထက်မပိုသော ကာလအထိ အယူခံရက်ကို တိုးမြှင့်ပေးနိုင်သည်။

အမှုတင်သွင်းလျှောက်ထားခြင်း

- အမှုတင်သွင်းလျှောက်ထားလာပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရွက်နေဖြင့်ဖြစ်စေ အခွန်အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည် ဖြစ်ပါသည်။
- အမှုတင်သွင်း လျှောက်ထားပါက သတ်မှတ်ပုံစံနှင့်အညီ လိုအပ်သော အထောက်အထားများကို ပူးတွဲလျက်လျှောက်ထားရန် လိုအပ်ပါသည်။
- အမှုတင်သွင်းလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများအား (A4 Size) စာရွက်ဖြင့်လည်း တင်သွင်းလျှောက်ထားနိုင်ပါသည်။
- အယူခံအမှုများ လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်-
  - ရုံးခွန်အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော **အယူခံမှုလျှောက်ထားလွှာ ပုံစံ (အခယ-၁)** မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်နှင့်အတူ လျှောက်ထားချက်ကို Microsoft Word Software အသုံးပြုလျက် Pyidaungsu Font ဖြင့် ပြုစုထားသည့် Soft Copy CD တစ်ချပ်၊

- အကောက်ခွန်အယူခံမှုအတွက် သက်ဆိုင်ရာမြို့နယ် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)မှ ချမှတ်သည့် သိမ်းဆည်းအမိန့် သို့မဟုတ် ဒဏ်ငွေ တပ်ရိုက်သည့် အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
- ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ကျန်ရှိသည့် အခွန်အကောက် အယူခံမှုများအတွက် သက်ဆိုင်ရာဌာနက ချမှတ်သည့် စည်းကြပ်အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင် သို့မဟုတ် အခွန်တောင်းခံစာ မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
- အမှုအတွက် တင်သွင်းလိုသည့် အထောက်အထားစာရွက်စာတမ်းများ မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊
- ကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ဘဲ ရှေ့နေဖြင့် လျှောက်ထားခြင်းဖြစ်ပါက ရုံးခွန် အက်ဥပဒေနှင့်အညီ တံဆိပ်ခေါင်းကပ်နှိပ်ထားသော တရားမ ကိုယ်စားလှယ် လွှဲစာ (Civil Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊ ကိုယ်စားလှယ်ဖြစ်ပါက လျှောက်ထားသူမှ တရားဝင်လွှဲအပ်သည့် (Special Power) သို့မဟုတ် (General Power) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်တို့ ပါရှိရမည် ဖြစ်ပါသည်။

- သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ ပူးတွဲဖော်ပြထားပါသည်-

ရုံးခွန်ထိုက်သင့်မှု

- အယူခံမှုလျှောက်ထားခြင်းအတွက် ရုံးခွန် ထိုက်သင့်မှုမှာ ၅၀၀ ကျပ် ဖြစ်ပါသည်။
- ထိုက်သင့်သည့် ရုံးခွန် ကပ်တံဆိပ်ခေါင်း၏ နမူနာ ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



လျှောက်ထားချက်ကို ဖြည့်စွက်ခြင်း

- လျှောက်ထားတင်သွင်းပြီးသည့်နောက် အချက်အလက် တစ်စုံတစ်ရာ ထပ်မံဖြည့်စွက်တင်ပြ လိုပါက အမှုကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ အခွန်အယူခံခုံအဖွဲ့သို့ အချိန်မီ လျှောက်ထားရမည်။

- အမှုကြားနာရန် ကြိုတင်သတိပေးအမှုခေါ်စာရင်း ထုတ်ပြန်ပြီးသည့် နောက်တွင်မှ တင်ပြချက် အသစ်ကို ပေးပို့ခြင်း သို့မဟုတ် ကြားနာသည့်အခါတွင် ထည့်သွင်းလျှောက်လဲခြင်းကို လုံးဝ (လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ။
- သတ်မှတ်ချက်အား လိုက်နာခြင်းမပြုဘဲ တင်ပြခြင်း၊ လျှောက်ထားခြင်းပြုလျှင် သက်ဆိုင်ရာ ခုံအဖွဲ့က အမှုကို သုံးသပ်ဆုံးဖြတ်ရာ၌ အသစ်ပြင်ဆင်တင်ပြသည့် သို့မဟုတ် ကြားနာမှု၌ ဖြည့်စွက်တင်ပြသည့် လျှောက်လဲချက်ကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကုမ္ပဏီဖြစ်ခြင်း

- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်သည့် အမှုများ အတွက် ကုမ္ပဏီအမည်ဖြင့် တင်သွင်းလျှောက်ထားရမည်။
- ကုမ္ပဏီ၏ကိုယ်စား ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေသူ တစ်ဦးဦးကိုဖြစ်စေ၊ ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေခြင်းမရှိသူ တစ်ဦးဦးကိုဖြစ်စေ အခွင့်ရကိုယ်စားလှယ်အဖြစ် တာဝန်ပေး အပ်ခြင်းဖြစ်ပါက အောက်ပါအတိုင်း အထောက်အထားမူရင်းများကို ပူးတွဲတင်ပြရမည်-
  (က) အမှုနှင့်စပ်လျဉ်း၍ အခွင့်ရကိုယ်စားလှယ်အဖြစ် တာဝန်လွှဲအပ်ကြောင်း ဆုံးဖြတ်ထား သည့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း၊
  (ခ) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် သို့မဟုတ် နိုတြီပြုလုပ်ထား သော ကိုယ်စားလှယ်လွှဲစာ။
- ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ၎င်း၏ကိုယ်စား အခွန်အယူခံခုံအဖွဲ့သို့ လာရောက်ခြင်း သို့မဟုတ် လျှောက်ထားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုလုပ်ရန် အခွင့်ရကိုယ်စားလှယ် လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် လွှဲစာကို အောက်ပါအတိုင်း ဆောင်ရွက်တင်ပြရမည်-
  (က) ပြည်ပနိုင်ငံတစ်ခုခုတွင် ပြုလုပ်သည့် ကိုယ်စားလှယ်လွှဲစာကို သက်ဆိုင်ရာနိုင်ငံရှိ နိုတြီပဗ္ဗလစ်သည် ၎င်း၏ရှေ့တွင် ပြုလုပ်ခြင်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး ယင်းလက်မှတ်ရေးထိုးသူ နိုတြီပဗ္ဗလစ်သည် သက်ဆိုင်ရာနိုင်ငံက ဥပဒေအရ ခန့်ထား သည့် နိုတြီပဗ္ဗလစ်ဖြစ်ကြောင်း အဆိုပါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် မြန်မာနိုင်ငံသံရုံးအရာရှိ သို့မဟုတ် ကောင်စစ်ဝန်က ထပ်ဆင့် လက်မှတ်ရေးထိုး အတည်ပြုထားသော ကိုယ်စားလှယ်လွှဲစာမူရင်း၊

(ခ) ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန်ပေးထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ ရှေ့တွင်ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာမူရင်း။

လျှောက်လဲချက် ပေးခြင်း

- တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်အရ အခွင့်ရ ကိုယ်စားလှယ်သည် လျှောက်ထားသူကိုယ်စား ခုံရုံးသို့ လာရောက်ခြင်း (Appearance) ၊ လျှောက်ထားခြင်း (Application)၊ ဆောင်ရွက်ခြင်း (Act) ပြုနိုင်သော်လည်း ရှေ့နေလိုင်စင် မရှိပါက ရှေ့နေ ရှေ့ရပ်များနည်းတူ ခုံရုံးတွင် လျှောက်လဲချက်ပေးခြင်း (Pleading or addressing) ကို ဆောင်ရွက်ခွင့်မရှိပါ။
- လျှောက်ထားသူ ကိုယ်တိုင် သို့မဟုတ် အကျိုးဆောင်ရွက်နေ သို့မဟုတ် ရှေ့နေလိုင်စင် ရရှိထားသူ အခွင့်ရကိုယ်စားလှယ်တို့က လျှောက်လဲချက် ပေးခြင်းကိုသာ ခုံအဖွဲ့က လက်ခံခွင့်ပြုမည် ဖြစ်ပါသည်။

သတ်မှတ်ပုံစံများ

အခယ - ၁

အခွန်အယူခံခုံအဖွဲ့ရုံးတော်

၂၀ ခုနှစ်၊ ..... အယူခံမှုအမှတ် ( )

အမည်/နိုင်ငံသားစိစစ်ရေးကဒ်အမှတ်
လိပ်စာ ---------- လျှောက်ထားသူ
ဖုန်းနံပါတ်

နှင့်

အမိန့်ထုတ်ပြန်သည့်
ဌာန၏ အမည်နှင့် ---------- လျှောက်ထားခံရသူ
တည်ရှိရာအရပ်
(အထက်ပါလိပ်စာသည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူတို့အား ဆင့်ဆိုရန် လိပ်စာဖြစ်ပါသည်။ သို့မဟုတ် လိပ်စာကို သီးခြားလျှောက်လွှာစာတွဲဖြင့်လည်း တင်သွင်းနိုင်သည်။)

လျှောက်ထားသူ၏ ----------

အယူခံလွှာတင်ပြလျှောက်ထားခြင်း

အထက်ပါအမှုအား လျှောက်ထားသူ **ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်မှ** အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

အမှုအကြောင်းအရာအကျဉ်း

အမှုမှာ ----------
----------။

ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအပေါ် အယူခံအကြောင်းပြချက်များ

၁။ ကာလစည်းကမ်းသတ်ကျော်လွန်သည့်အမှုဖြစ်မှသာ တင်ပြရန် ----------
----------။

အယူခံအကြောင်းပြချက်များ

၁။ ----------
----------။

၂။ ----------
----------။

(လက်မှတ်)
လျှောက်ထားသူ၏ရှေ့နေ၊ ကိုယ်စားလှယ်အမည်
နိုင်ငံသားစိစစ်ရေးကတ်အမှတ် (သို့) ရှေ့နေဖြစ်ပါက
လိုင်စင်အမှတ်၊ လိပ်စာအပြည့်အစုံ
အမှုတင်သည့်နေ့စွဲ။ ----------။

[သို့မဟုတ်]

(လက်မှတ်)
လျှောက်ထားသူအမည်
နိုင်ငံသားစိစစ်ရေးကတ်အမှတ်
လိပ်စာအပြည့်အစုံ

လျှောက်ထားချက်နှင့်ပူးတွဲတင်ပြသောစာရွက်စာတမ်းများစာရင်း